ဝိန္ဒေပင်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိန္ဒေပင်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပိန္နဲပင်ကျေးရွာ
ကလောမြို့နယ်

မာတိကာ

၁	အကြောင်းအရာ	
	စကားချီ	
	ကျေးရွာသယံဇာတပြဖြေပုံ	၄
၁	တည်နေရာနှင့်ပထဝီဝင်အနေအထား	၅
၂	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၅
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၅
၄	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	၈
၆	ပညာရေး	၉
၇	ကျန်းမာရေးရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၉
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၀
၁၀	လူဝယ်နှင့်ယဉ်ကျေးမှု	၁၀
၁၁	ဦးဆောပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဓာတ်ပုံများ	-
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဓာတ်	၁၃,၁၄
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျှာထားချက်	၁၅



ရက်စွဲ။ ။ ၂၅၀၁၂၀၂၀၁၇

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပိန္နဲပင်ကျေးရွာသည် ကလောမြို့နယ်၊လွယ်မောကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့သောနှစ် ပေါင်းများစွာကပင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ မြင်းကပေါ်ကျေးရွာသည် အောင်ပန်း-အင်းတိန် သွားလမ်းအနီးတွင်တည်ရှိပါသည်။ စီးပွားရေးအရအချက်အခြာကျသောအောင်ပန်းမြို့နှင့် (၁၀)မိုင် ကွာသာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာ တည်ရှိရာသည် ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများ သာတည်ရှိ ပြီး ကျေးရွာအနောက်ဖက်တွင် တောင်တန်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် သဲ တောင် ကျောက်တောင်များရှိပါသည်။ ကျေးရွာမှအသုံးပြုနိုင်သည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ် ငန်းများတွင် များစွာအထောက်အကူပြုပါသည်။ သဲ၊ကျောက်တောင်ရှိသဖြင့် တိုက်အိမ်များကို ဆောက်လုပ်နိုင်ကြသည်။ ကျေးရွာအနောက်ဖက် ရှိတောင်တန်းများသည် သဘာဝပေါက်ပင်များ စုံ လင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ဝါး၊သက်ငယ်၊ ဆေးဖက်ဝင်အပင်နှင့် နွားစာ များရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါး သွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၅)စုနှင့်ကျား(၁၃၀)၊ မ(၁၀၅)ဦးဖြင့် လူဦးရေ ပေါင်း(၂၃၅)ဦးရှိပါသည်။ ကျေးရွာတွင် တောင်ရိုးလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၆၂%ရှိပြီး အမျိုးသားနှင့်အမျိုးသမီးဦးရေမှာ များစွာ ကွာခြားမှုမရှိသည့်အတွက် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ကုလဟိတကာရီအသင်း၊ မျိုးဆက်သစ်လူငယ်အသင်း၊ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှု အသင်း၊ ခမ္မစကြံာအသင်း၊ ဟိတရဓရဃဉ်ကျေးလိမ္မာအသင်းတို့ ဖွဲ့စည်းထားရှိပြီး ၎င်းအသင်းအဖွဲ့ များမှာ ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊သာရေးနာရေး ၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက်ဦးဆောင်ဦးရွက်ပြုကြပြီး ကျန်ကျေးရွာသူ/သားများအားလုံးမှာ အားတက်သရော စုပေါင်း လုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဝင်ရောက်ဆောင်ရွက်ပေးခြင်း မရှိပဲ ကျေးရွာ၏ကဏ္ဍအလုံးစုံ တိုးတက်လာစေရန်အတွက် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်း

နှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ရွာသစ်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၀)ဧကနှင့် ယာမြေ(၄၀) ဧကစုစုပေါင်း(၆၀)ဧကရှိပါသည်။မြေယာမဲ့အိမ်ထောင်စု(၃)စု၊ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၁၄)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြားတောင်သူငယ်(၁၄)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ ဧကကြားတောင်သူလတ်(၉)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် အာလူး၊တောင်ယာစပါး၊ဂျင်းတို့ကိုစိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက်လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြ ပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံစျေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးကိုဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးကြပြီး စျေးကွက်သို့တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက် ခြင်းများရှိနေပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အချို့သော လယ်မြေများမှာ အင်းခေါင်းဆည်ရေလွှဲချောင်းမှရေကို ရေသွင်း၍အနည်းငယ်စိုက်ပျိုးနိုင်ကြသည်။ စပါး၊ အာလူးတို့ကို အဓိကထားစိုက်ပျိုးပြီး ဂျင်း၊မြေပဲ၊ပန်းနှမ်း၊ပြောင်းနှင့် ရာသီပေါ်သီးနှံမျိုးစုံကိုသီးထပ်သီးညှပ်စိုက်ပျိုးကြသည်။ သီးနှံအထွက်နှုန်းမှာအသင့်အတင့်သာရှိပါသည်။ လယ်သာသုံးပစ္စည်းအနေဖြင့် ထွန်စက်ကြီး(၁)စီး၊ လက်တွန်းထွန်စက်(၅၃)စီးနှင့် မြက်ရိတ်စက်(၈)ခုတို့ကိုပိုင်ဆိုင်ကြသည်။ စက်ပစ္စည်းမဆိုင်သူများက လူအားဖြင့်သော်လည်းကောင်း ငှားရမ်း၍သော်လည်းကောင်း လုပ်ကိုင်ကြသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ဓါတု ပိုးသတ်ဆေးစသည်များကို အောင်ပန်းမြို့နှင့်ဟဲဟိုးမြို့တို့တွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံစျေး ကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြသည်။ နေ့စားအလုပ်သမားများလည်းငှားရမ်းရလွယ်ကူပါသည်။ စိုက်ပျိုးမြေများတွင် မြေဩဇာများအသုံးပြုမှုများပြားလာခြင်းကြောင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါများကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်းများရှိနေပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးရေး ဓါတုမြေဩဇာအသုံးပြုမှုနည်းမမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ စျေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသောအိမ်ထောင်စု(၂၀)စုရှိပြီး နွားကောင်ရေ(၄၆) ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု(၃)စုရှိပြီးကျွဲကောင်ရေ(၉)ကောင်၊ မြင်းမွေးမြူထားသော အိမ်ထောင်စု(၁)စုမှ မြင်းကောင်ရေ(၁)ကောင်၊ ဝက်မွေးမြူထားသောအိမ်ထောင်စု(၂)စုရှိပြီး ဝက်ကောင်ရေ(၄)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ် ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ်မွေးမြူကြသည်။ ကျွဲနွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်းဖြစ်သည်။

ကျေးရွာတွင်စားကျက်မြေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မျိုးကောင်းမျိုးသန့်များဝယ်ယူနိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက်အခဲ ပြဿနာများမှာ အရင်းအနှီးနည်းပါးခြင်း၊ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာသိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများပုံမှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သားများလသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်ရှိပါသည်။ လျှပ်စစ်မီးရရှိသည့်အတွက်လည်း မိသားစုအပိုဝင်ငွေရရှိနိုင်ရန်အတွက် ဆောင်ရွက်နိုင်သော်လည်း အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှုမရှိသည့်အတွက် ဝင်ငွေနဲပါးပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ ကျေးရွာရှိအိမ်ထောင်စုထက်ဝက်နီးပါးမှာ လျှပ်စစ်မီးကိုအသုံးမပြုနိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေကို ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက်ချေးယူကြသည်။ ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာပြန်လည်ပေးဆပ်ကြသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြား

မှုကြောင့် အစိုးရဘဏ်/ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ ထော်လာကျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးကာသီကာလတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာချဉ်းကပ်လမ်းမှာလည်း မြေသားလမ်း၊ကျောက်ချောလမ်းဖြစ်၍ မိုးတွင်းကာလ၌သာ အနည်းငယ်ခက်ခဲတတ်ပါသည်။ ဟဲဟိုး၊အောင်ပန်းသို့ ကုန်စည်တင်ပို့သည့်လမ်းမှာ ကတ္တရာလမ်း ဖြစ်သည့်အတွက် သွားလာရလွယ်ကူပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာရှိအိမ်ထောင်စု(၄၀)စုသာလျှင် လျှပ်စစ်မီးကိုသုံးစွဲနိုင်ကြ၍ အဆင်ပြေပါသည်။ မိသားစုဝင်ငွေရအိမ်တွင်းမှုလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ကြသည်။ သို့သော် ကျန်အိမ်ထောင်စု(၁၅)စုမှာ ငွေကြေးမတတ်နိုင်ခြင်း၊လက်ရှိမဟာဓါတ်အားလိုင်းနှင့်ဝေးကွာခြင်းတို့ကြောင့် ဆိုလာမီးကိုသာ အသုံးပြုကြရပါသည်။ လျှပ်စစ်မီးမရရှိခြင်းကြောင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများရှိနေပါသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။ လျှပ်စစ်မီးရရှိမည်ဆိုပါက ကျေးရွာတွင်းရှိ ကျောင်းသား/သူများ၏ ပညာရေးမြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုအားကောင်းလာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်း များဆောင်ရွက်လာနိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပေးလာနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၈၇)လုံး၊ ရေဒီယို(၈)၊ တီဗွီ(၄၁)လုံးနှင့် ဂြိုလ်တုစလောင်း(၁၆)ခုတို့မှရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းပညာကိုသင်ကြားနိုင်ကြပြီး အလယ်တန်း၊အထက်တန်းပညာကို အောင်ပန်းတွင်သော်၎င်း၊ အချို့ငွေကြေးတတ်နိုင်သောအိမ်ထောင်စုများမှာ ဘော်ဒါဆောင်များထား၍ ပညာကိုသင်ကြားကြပါသည်။ ယခင်ချိန်က ကျေးရွာသူ/သားအများစုမှာ ပညာရေးအပေါ်တွင် စိတ် ဝင်စားမှုနည်းပါးခြင်းကြောင့် မူလတန်းပညာရေးကိုသာရရှိကြပြီး တက္ကသိုလ်ပညာတတ်မြောက်သူ နည်းပါးပါသည်။ ကျောင်းဆရာ/ဆရာမအင်အားလုံလောက်မှုရှိသော်လည်း ကျောင်းပရိဘောဂများ၊ အားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမှီမှု အားနည်းနေပါသည်။ ကျောင်းသားဦးရေများပြားသည့် အတွက် အိမ်သာများလိုအပ်ချက်ရှိနေပါသည်။ ကျောင်းအုတ်တံတိုင်းမရှိသည့်အတွက် ကျောင်း ဝန်းလုံခြုံမှုမရှိပဲ ကျောင်းဝန်းတွင်း ကွဲ၊နွားတိရစ္ဆာန်များဝင်ရောက်ပြီး ကျောင်းတွင်းစိုက်ပျိုးထား သည့်အပင်များဖျက်ဆီးတတ်ပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၄)မိုင်ခန့်ကွာဝေးသည့် အောင်ပန်း တိုက်နယ်ဆေးပေးခန်းတွင်ရရှိနိုင်ပါသည်။ ရွာသူ/သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာ ကျ ရောက်မှုမရှိပဲ သာမန်ရာသီအလိုက်ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုးတို့သာ အဖြစ်များပါသည်။ ကျေးလက်ဆရာမမှ ကျေးရွာသို့လာရောက်၍ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတပေးခြင်းများလည်း တစ်ပါ တည်း ဆောင်ရွက်ပေးပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် တောင်ကြီးမြို့သို့လည်းကောင်း၊ အောင်ပန်းကုတင်(၇၀၀)ဆေးရုံသို့လည်းကောင်း သွားရောက်ကုသ မှုခံယူကြရပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် မိုးရာသီကာလတွင်သာ လုံလောက်စွာသုံးစွဲနိုင်ကြပါ သည်။ အချို့ပြေလည်သော အိမ်ထောင်စုများမှာ မိမိတို့အိမ်ခြံဝန်းအတွင်း၌ မိုးရေလှောင်ကန်ကြီးများဖြင့် မိုးရေကို သိုလှောင် သုံးစွဲကြပါသည်။ သုံးရေအတွက် မြေသားရေကန်မှရေကို သုံးစွဲကြပါသည်။ မိုးရာသီနှင့် ဆောင်း ရာသီကာလတွင် သောက်သုံးရေလုံလောက်မှု ရှိသော်လည်း နွေရာသီကာလတွင် ရေရှားပါးတတ်ပါ သည်။ ထို့ကြောင့် သောက်သုံးရေလုံလောက်နိုင်ရန်အတွက် ကျေးရွာတွင်းတွင် အိမ်ထောင်စုအများ အသုံးပြုနိုင်ရန်အတွက် စက်တပ်အဝိစိတွင်ရရှိနိုင်ရန်လိုလားနေကြပါသည်။

ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကိုသာအသုံးပြုကြသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့်ပတ်သက် သည့် ရောဂါများ၊ ကျန်းမာရေးနှင့်ပတ်သက်သော ဟောပြောပွဲများကို ကျေးလက်ဆရာမမှ ပြုလုပ်ပေးသည့်အတွက် အဆင်ပြေပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိ ပါ။ ဘေးအန္တရာယ်ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်ပတ်သက်သည့် ပညာပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှုမရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုည်းပါးပါသည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာသာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး လူမှုရေး အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာရှိလူငယ်များမှာ စာကြည့်တိုက်မရှိခြင်းကြောင့် စာပေဗဟုသုတမရှိခြင်း၊ လူငယ်နှင့်မသက်ဆိုင်သည့် အခြားနေရာများတွင် အချိန်ကုန်နေကြပါသည်။ စာဖတ်သည့်အလေ့အကျင့်များလည်းပျောက်ကွယ်လာပါသည်။ ဘာသာရေးနှင့်ရိုးရာဓလေ့ထုံးတမ်းများကို စောင့်ရှောက်မှု ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များဦးဆောင်ဦးရွက်ပြုဆောင်ရွက်လာနိုင်ရန်အတွက် လက်တွဲခေါ်ယူရန်လိုအပ်ပါသည်။ လူငယ်များအတွက် မူယစ်အန္တရာယ်များမဖြစ်ပေါ်စေရေးနှင့် စာပေဗဟုသုတအပေါ်စိတ်ဝင်တစားရှိလာစေရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်ပေးနိုင်ရန် လိုအပ်ပါသည်။ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

၁၀။ ပိန္နဲပင်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် – လွယ်မော		ကျေးရွာအမည် – ပိန္နဲပင်	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးဝေရေး	အဝီစိတွင်းရရှိရန်	
၁	ပညာရေး	ကျောင်းပြင်ပပညာရေး	ကျောင်းအုတ်တံတိုင်းကာရံခြင်း(၁၇၁၅)ပေ	
၃	ငွေကြေး	ရပ်ရွာအခြေပြု ငွေကြေး ဝန်ဆောင်မှုများ	အတိုးနှုန်းသက်သာသောချေးငွေရရှိရန်	
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	မျိုးကောင်းမျိုးသန့်ရရှိရန်	
၅	လူငယ်နှင့်အားကစား	လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	စာကြည့်တိုက်ရရှိရန်	
၆	လူငယ်နှင့်အားကစား	လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်	
၇	လူငယ်နှင့်အားကစား	လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်း	
၈	လူငယ်နှင့်အားကစား	လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	ပညာပေးဟောပွဲများပြုလုပ်ရန်	
၉	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သစ်ပင်စိုက်ပျိုးခြင်း	

ဝိန္ဒေပင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးအောင်ကို	ဦးငုံ	၁၃/ကလန(နိုင်)၀၅၉၄၆၇	၄၂	ဥက္ကဋ္ဌ	၀၉-၄၂၈၃၁၈၆၅၃	
၂	ဦးကံပေါ်	ဦးထွန်းငွေ	၁၃/ကလန(နိုင်)၀၄၃၆၄၆	၅၂	အတွင်းရေးမှူး	၀၉-၄၂၈၃၁၉၆၆၃	
၃	ဦးမောင်ညို	ဦးကျော	၁၃/ကလန(နိုင်)၀၄၂၇၅၈	၅၀	ဘဏ္ဍာရေးမှူး	၀၉-၄၉၅၇၇၄၀၂	
၄	ဒေါ်ခင်စောဦး	ဦးအောင်ရီ	၁၃/ကလန(နိုင်)၀၁၃၉၁၉	၄၆	စာရင်းကိုင်	၀၉-၄၂၆၆၉၉၇၆၈	
၅	ဒေါ်မိုးဖြူအေး	ဦးရွှေထူး	၁၃/ကလန(နိုင်)၀၈၈၇၁၆	၂၇	စာရင်းစစ်	၀၉-၄၂၈၃၄၅၁၂	
၆	ဦးစစ်ကျော်နိုင်	ဦးထွန်းငွေ	၁၃/ကလန(နိုင်)၀၇၄၅၃၈	၃၇	သော့ကိုင်	၀၉-၄၅၄၆၃၉၃၃၉	
၇	ဦးထွန်းခေါင်	ဦးကံပေါ်	၁၃/ကလန(နိုင်)၁၀၁၇၀၆	၂၇	အဖွဲ့ဝင်		

ပိန္နဲပင်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျောင်းအုတ်တံတိုင်းကာရံခြင်း (၁၇၁၅)ပေ	၂		✓	✓		
၂	အဝိစိတွင်းရရှိရန်	၁	✓	✓			
၃	အတိုးနှုန်းသက်သာသော ချေးငွေ ရရှိရန်	၃	✓	✓	✓	✓	✓
၄	မျိုးကောင်းမျိုးသန့်ရရှိရန်	၄	✓	✓	✓	✓	✓
၅	စာကြည့်တိုက်ရရှိရန်	၅			✓	✓	
၆	အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်	၇	✓	✓	✓	✓	✓
၇	အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားပေးခြင်း	၆	✓	✓	✓	✓	✓
၈	သစ်ပင်စိုက်ပျိုးခြင်း	၈	✓	✓	✓		

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၇	၁၀
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၅	၆	၁၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၂	၃၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၀	၁၀	၃၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၀	၆၄	၁၄၄
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၄	၈
စုစုပေါင်း		၁၃၀	၁၀၅	၂၃၅
စုစုပေါင်း အိမ်ထောင်စု				၅၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အိမ်ထောင်စုအလိုက် လူဦးရေစာရင်း များကောက်ယူရာတွင် လွယ်ကူပါသည်။ အခက်အခဲမရှိပါ။ ၁၅နှစ်မှ ၆၄နှစ်အတွင်း အလုပ်လုပ် နိုင်သည့်ဦးရေများပါသည်။ ၁နှစ်အောက်ကလေးငယ်များနှင့် ၄နှစ်အရွယ်ကလောများလည်း များပါသည်။ လူဦးရေနှင့်အိမ်ခြေများလည်း တိုးတက်လာပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ကောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင် စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၅	၁၁၄		မြင့်☑လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်၊နိမ့်□
၂	**တိရစ္ဆာန် မွေးမျူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်၊
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားး		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်၊
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၆	မြင့်□လတ်□နိမ့်၊
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားး		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	မြင့်□လတ်□နိမ့်၊
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့်□လတ်□နိမ့်၊
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့်□လတ်□နိမ့်၊
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၅	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားး		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မြင့်□လတ်□နိမ့်၊
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့်□လတ်□နိမ့်၊
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်ကောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့်□လတ်□နိမ့်၊
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ် □ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် -
လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား များကို ကောက်ယူရာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြသည်။ အစိုးရဝန်ထမ်းလုပ်ကိုင်သောသူသည် အနည်းငယ်မျှသာရှိသည်။ မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခရှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၁၂၀၀၀		၁၀၀၀၀	
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀		၆၅၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	၈၀၀၀	၀	၃၀၀၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၇၀၀၀	၀	၅၀၀၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၅၀၀၀	၀	၂၀၀၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ**÷၂၂.၇၅)
(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)
လေ့လာတွေ့ရှိချက်။ နေ့စားလိုက်သူများသည် ယောကျ်ားလေးများမှာ ဝင်ငွေပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်များသည့် မိုးတွင်းကာလတွင် အလုပ်အကိုင်ပိုမိုရရှိ၍ လုပ်အားခ သည်လည်း ပိုမိုရရှိကြသည်။ အလုပ်ပါးသည့်အချိန်တွင် လုပ်အားခသည်လည်း နည်းသွားသည် ကိုတွေ့ရှိရသည်။ လုပ်အားခသည် ပုံမှန်မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)**
လယ်မြေ	၄၀	ကောင်း☐သင့်☑သည့် ☐
ယာမြေ / တောင်ယာမြေ	၂၀	ကောင်း☐သင့် ☑သည့် ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း☐သင့် ☐သည့် ☐
ကိုင်း/ကျွန်းမြေ	၀.၀၀	ကောင်း☐သင့် ☐သည့် ☐
ဓနိတောမြေ	၀.၀၀	ကောင်း☐သင့် ☐သည့် ☐
စားကျက်မြေ	၀.၀၀	ကောင်း☐သင့် ☐သည့် ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း☐သင့် ☐သည့် ☐
စုစုပေါင်း	၆၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေလွတ်မြေလပ်သည် နည်းပါးပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ☐ ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာအနီးဝန်းကျင်တွင် ကျောက်စရစ်၊ သဲတူးဖော်ရရှိနိုင်သော်လည်း သဘာဝအပင်မျိုးစိတ်များဖြစ်သည့် ဆေးဖက်ဝင်အပင်များလည်း နည်းပါးပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၂၀	၁၁	၁၁

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများမှာ
များလှပါသည်။ကျဘမ်းလုပ်ငန်းများသာလုပ်ကိုင်ကြရသောအိမ်ထောင်စုမှာများပြားသောကြောင့် အခက်အခဲကြုံရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃"နှင့် "၄"အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြာဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၁၇	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၇ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃"နှင့်
"၄"အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ဖြစ်လမ့ျလ အထိ ဝမ်
စာဖူလုံသောအိမ်
(၁၇)အိမ်လုံးချေးယူသုံးစွဲကြသည်။စားဝတ်နေရေးနှင့်အလုပ်အကိုင်အတွက်အဓိကချေးယူြ
ြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၃
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			၂
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင်အချို့သောသက်ကြီးရွယ်အိုများအားသားသမီးများမှအချိန
်ပြည့်စောင့်ရှောက်နိုင်မှုနည်းပါးသည်။ကျန်းမာရေးမကောင်းမှသာ
အချိန်ပေးစောင့်ရှောက်နိုင်ကြသည်။အမျိုးသမီးမှဦးဆောင်ရသော ဆင်းရဲသည့်အိမ်
ထောင်စုမှာ များသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား (အငြိုအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☑ လတ်☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ်☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ်☑ နိမ့် ☐ မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အငြြအေနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ်☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။

အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက်-နိမ့်

အိမ်ထောင်စုဝဝတွင် ၂၅မှ၅၀အိမ်ထောင်စု-လတ်

အိမ်ထောင်စုဝဝတွင်၅၀အိမ်ထောင်စုအထက်-မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လမ်းပန်းဆက်သွယ်ရေးမှာကိုယ်ထူကိုယ်ထခင်းထားသော်လည်း မိုးရာသီတွင်လမ်းမကောင်းသောကြောင့် ခက်ခဲလှသည်။ထင်းမီးကိုသာအသုံးပြု နေရသောကြောင့် သစ်တောပြုန်းတီးမှုမှာ များလှသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☑ လတ်☐ နိမ့်☐ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☑ လတ်☐ နိမ့်☐ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☑ လတ်☐ နိမ့် ☐ မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ေငာင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ်☐ နိမ့် ☑မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ်☐ နိမ့် ☐မရှိ ☑

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအ
ြအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်
မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက်အရ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာများပြားသော

ကြောင့် ထိခိုက်လွယ်သည်။လူငယ်များမှာငယ်ရွယ်သောကြောင့် အတွေ့အကြုံနည်းပါးသဖြင့်
ပညာပေးဟောပြောပွဲများလိုအပ်သည်။နေ့စားကျပန်းလုပ်ကိုင်သူများမှာလည်း ကျန်းမာရေးထိခိုက်နိုင်သည်။

(၂)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြာအဖွဲ့	၁☐ ၂☐ ၃☑	၂၀	၂၀	၄၀	ပညာရေး ☐ ဝေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၀	၀	၀	ပညာရေး ☑ ဝေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ဝေကြေး ☐ ကျန်းမာရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☑				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် □ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ရွာရှိလေးသူငယ်များယဉ်ကျေးလိမ္မာစေရန် ဓမ္မစကြာကဲ့သို့ဘာသာရေးဖွဲ့များရှိသည်။ကျောင်းလိုအပ်ချက်ကို ညှိနှိုင်းဆောင်ရွက်ပေးရန် ကျောင်းကော်မတီအဖွဲ့ရှိသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☑ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂		၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☑ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃		၁☐ ၂၁☐ ၂☐၃☐၄☐ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄		၁☐ ၂၁☐ ၂☐၃☐၄☐ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅		၁☐ ၂၁☐ ၂☐၃☐၄☐ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆		၁☐ ၂၁☐ ၂☐၃☐၄☐ ၅☐ ၆ ☐ ၇ ☐	ပညာရေး☐ငွေကြေး ☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာ ရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ ။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာGIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - Pact Myanmar ငွေစုငွေချေးအဖွဲ့ရှိသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၄	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၉	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၆၀	☒

ရင်းမြစ် ။ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ဆင်းရဲသားတောင်သူအရေအတွက်မှာများပြားသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၁၀၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐	ရှိ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်☐ မဖြေဆိုပါ☑	မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - သီးနှံများအတွက်လိုအပ်သောရေများကို ရေလွှဲဆည်မှတစ်ဆင့် ပေးသွင်းသော်လည်းစိုက်ပျိုးမြေများအတွက်ရေအားလွတ်ပေးမှုမှာလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀၀	တင်း	၄၀	၆၀	၅၀	ဧနန ဝါရီ	ဧပြီ	မြင့်☑လတ်☐နိမ့် ☐	မြင့်☐လတ်☐နိမ့်☑
အာလူး	၇၈	ပိဿာ	၄၀၀၀	၆၀၀၀	၅၀၀၀	ဧနန ဝါရီ	ဧပြီ	မြင့်☑လတ်☐နိမ့် ☐	မြင့်☐လတ်☐နိမ့်☑
မြေပဲ	၅၅	အိတ်	၃၀	၅၀	၄၀	ဧနန ဝါရီ	ဧပြီ	မြင့်☐လတ်☑နိမ့် ☐	မြင့်☐လတ်☑နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - မျိုးကောင်းမျိုးသန့်များမရရှိခြင်းကြောင့် အထွက်နှုန်းလျော့သည့်အပြင် ရောင်းဈေးမှာဝယ်ဈေးထက်နိမ့်သောကြောင့် အခက်အခဲဖြစ်ရသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	၀	၀	၀
လက်တွန်းထွန်စက်	၁၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၄	၀	၀	၀
ရေစုပ်စက်	၂၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် -
ထွန်စက်အရေအတွက်နည်းသောကြောင့်ဈေးကြီးစွာငှားရမ်းအသုံးပြုရသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☐မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ☑
သဘာဝဗြေဆေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် -
